# တရုတ်ကွန်မြူနစ်ပါတီ၏ခေါင်းဆောင်မှုစွမ်းရည်သည် ကမ္ဘာ့အတွက် အကျိုးဖြစ်ထွန်းသည်

တရုတ်ထူးခြားချက်လက္ခဏာရှိဆိုရှယ်လစ်ဝါဒသည် ခေတ်သစ်သို့လျှောက်ဝင်နေသည်မှာ တရုတ်ထူးခြားချက်လက္ခဏာရှိဆိုရှယ်လစ်ဝါဒ၏လမ်းကြောင်း၊ သီအိုရီ၊ နည်းစနစ်၊ ယဉ်ကျေးမှုများက အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသည်ကို ဆိုလိုကြောင်း၊ဖွံ့ဖြိုးဆဲနိုင်ငံများခေတ်ပေါ် ပုံစံသို့ရောက်ရှိရန် လမ်းကြောင်းကိုတိုးချဲ့နေကြောင်း၊ ကမ္ဘာ့ပေါ်မှအရှိန်လျင်မြန်စွာတိုးတက်လိုပြီး မိမိလွတ်လပ်စွာရပ်တည်နိုင်စွမ်းကို ဆက်လက်စောင့်ထိန်းလိုသောနိုင်ငံနှင့်လူမျိုးများအတွက် ရွေးချယ်မှုအသစ်ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း၊ လူသားပြဿနာများကို ဖြေရှင်းပေးနိုင်ရန်အတွက် တရုတ်ဉာဏ်ပညာနှင့် တရုတ်အဆိုပြုလွှာကို ထောက်ပံ့ပေးနိုင်ခဲ့ကြောင်းစသည်ဖြင့် အထွေထွေအတွင်းရေးမှူးရှီကျင့်ဖျင်၏ တရုတ်ကွန်မြူနစ်ပါတီ (၁၉)ကြိမ်မြောက်ပြည်လုံးဆိုင်ရာညီလာခံအစီရင်ခံစာထဲတွင် ဖော်ပြထားသည်။

တရုတ်ကွန်မြူနစ်ပါတီ (၁၉)ကြိမ်မြောက် ပြည်လုံးကျွတ် ပြည်သူ့ကိုယ်စားလှယ်အစည်းအဝေး အစီရင်ခံစာဖြင့် တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ပုံကြမ်းကို ကမ္ဘာကပိုမိုရှင်းလင်းစွာတွေ့မြင်စေပြီး တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအကျိုးရလဒ်ကို ပိုမိုမြန်ဆန်စွာမျှဝေလိုသည့် ဆန္ဒရှိနေပါသည်။

တရုတ်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုစွမ်းရည်သည် ကမ္ဘာ့အတွက် အကျိုးဖြစ်ထွန်းသည်။ ဤသည်မှာနိုင်ငံတကာမီဒီယာများ၏ တူညီသောခံစားချက်ပင်ဖြစ်ပေသည်။

ပြည်သူဖြင့်ဗဟိုပြုသော ဖွံ့ဖြိုးတိုးတက်ရေးအတွေးအခေါ်သည် ဂလိုဘယ်လိုက်ဇေးရှင်းကို တံခါးဖွင့်လှစ်အားလုံးပါဝင်သော အကျိုးမျှဝေပေးသောရေရှည်ဆက်လက်နိုင်သော ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းဆီသို့ ရောက်အောင်တွန်းတင်ပေးနေသည်။ တရုတ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုအောက်မှ တစ်နိုင်ငံလုံးပြည်သူများ စိတ်ရောကိုယ်ပါဖြင့်ဖွံ့ဖြိုးတိုးတက်ရေးကို အတူလုပ်ဆောင်ကာဆောက်လုပ်ရေးကို တစိုက်မတ်မတ်လုပ်ပြီး လူသန်းပေါင်း(၇၀၀)သည် ဆင်းရဲနွမ်းပါးမှုမှကင်းလွတ်ပြီး ချမ်းသာကြွယ်ဝလာပြီး တစ်ကမ္ဘာလုံးဆင်းရဲနွမ်းပါးမှုလျော့နည်းရေးအတွက် (၇၀%)အထက်ထောက်ပံ့မှုနှုန်းရှိသည်။ ငွေကြေးစီးပွားရေးဝန်ဆောင်မှုကို စစ်မှန်စီးပွားရေးထံအမှီပြုရန် ငွေကြေးဂလိုဘယ်လိုက်ဇေးရှင်းကြောင့်ဖြစ်ပေါ်သော ငွေကြေးဖောင်းပွမှုကို ဖယ်ရှားစေရန်တရုတ်နိုင်ငံသည် အာရှတိုက်အခြေခံအဆောက်အအုံရင်းနှီးမှုဘဏ်(AIIB)ကို တည်ထောင်ရန်ဦးဆောင်ခဲ့သည်။ ပြည်သူလူထုမှဂလိုဘယ်လိုက်ဇေးရှင်းအပေါ် ပါဝင်ခံစားမှု၊ ရလဒ်ခံစားမှု၊ အေးချမ်းရေးခံစားမှုများကို ပိုမိုခိုင်မာစေခဲ့သည်။ ထို့ကြောင့် အနောက်တိုင်းနိုင်ငံအပါအဝင်ဖြစ်သော နိုင်ငံတကာအသိုင်းအဝိုင်း၏ တက်ကြွစွာတုံ့ပြန်မှုနှင့်ပါဝင်မှုများ ရရှိခဲ့သည်။ ကမ္ဘာ့ပြည်သူများအတွက် အကျိုးဆောင်သောရည်ရွယ်ချက်ဖြင့် တရုတ်နိုင်ငံမှ တင်ပြသော အတူညှိနှိုင်းခြင်း၊ အတူဆောက်လုပ်ခြင်း၊ အတူခံစားခြင်းဟူသော ကမ္ဘာ့ထိန်းသိမ်းရေးအတွေးအခေါ်ကို "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ဆောက်လုပ်ရေး၏မူဝါဒအဖြစ်သတ်မှတ်ခဲ့ပြီး ကုလသမဂ္ဂဆုံးဖြတ်ချက်အတွင်းသို့ထည့်သွင်းရေးသားခြင်းခံရပါသည်။



ပြုပြင်ပြောင်းလဲမှုဖြင့် တွန်းအားဖြစ်သော နိုင်ငံရေးအားမာန်သည် ကမ္ဘာ၏ ရေရာမှုကိုတိုးမြှင့်ခဲ့သည်။ ယခုကမ္ဘာတွင် ပြုပြင်ပြောင်းလဲမှုသည် ယဉ်ကျေးမှုအမျိုးမျိုး၊ ဖွံ့ဖြိုးတိုးတက်မှုပုံစံအမျိုးမျိုးကိုကမ္ဘာ၏ မရေရာမှုကို လိုက်လျောညီထွေစေသည့် အကောင်းဆုံးသောရွေးချယ်မှုဖြစ်ပါသည်။ ကွာခြားချက်မှာစစ်မှန်သောပြောင်းလဲမှုနှင့် မစစ်မှန်သောပြောင်းလဲမှု၊ ပြောင်းလဲနိုင်မှု သို့မဟုတ်မပြောင်းလဲနိုင်မှု၊ ပြောင်းလဲရန်လိုလားမှုနှင့်မလိုလားမှုများသာဖြစ်သည်။ မိမိကိုယ်ကိုပြောင်းလဲရမည်ဟုသိမြင်သောအခါ ပြုပြင်ပြောင်းလဲသောအလံကိုလွှင့်ထူပြီး စင်ပေါ်တက်လာခြင်းသည် အနောက်တိုင်းအစိုးရများ၏ ခေတ်စားသော နိုင်ငံရေးဖြစ်နေသည်။ သို့သော် တရုတ်ကွန်မြူနစ်ပါတီကဲ့သို့ ရဲဝင့်သောစိတ်မာန်ဖြင့် ဘက်စုံပြုပြင်ပြောင်းလဲမှုကို နက်ရှိုင်းစွာ လုပ်ဆောင်နိုင်သည်မှာ မည်သူမျှမရှိပေ။ ကမ္ဘာ၏ မသေချာမရေရာမှုကို ရင်ဆိုင်ရာတွင် တရုတ်ကွန်မြူနစ်ပါတီ၏ ကြာရှည်သောစီမံမှုအား၊ ဦးဆောင်မှုအား၊ လုပ်ဆောင်မှုအားသည် ကမ္ဘာကို အန္တရာယ်မှလွတ်ကင်းရန် ထောက်ကူပေးမည်ဖြစ်ပြီး ကမ္ဘာ့ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲရန် တွန်းတင်နိုင်မည်ဖြစ်ပေသည်။

လူသား၏ ရှုမြင်မှုဖြင့်တာဝန်ခံယူပြီး နိုင်ငံတကာဆက်ဆံရေးအသစ်နှင့်လူသားကံကြမ္မာ တစ်ကိုယ်တည်းထုကို ဆောက်လုပ်သည်။ ကမ္ဘာကောင်းမှ တရုတ်နိုင်ငံကောင်းမည်။ တရုတ်နိုင်ငံကောင်းမှ ကမ္ဘာကောင်းမည်ဖြစ်သည်။ တရုတ်ကွန်မြူနစ်ပါတီသည် တရုတ်နိုင်ငံပြည်သူလူထုများအတွက် အကျိုးရှာဖွေပေးသော ပါတီအစိုးရဖြစ်သည်။ လူသားတိုးတက်မှုလုပ်ငန်းကို ကြိုးပမ်းပေးသောပါတီလည်းဖြစ်သည်။ တရုတ်ကွန်မြူနစ်ပါတီသည် လူသားအတွက် ပိုမိုကြီးမားသော ထောက်ပံ့မှုလုပ်ဆောင်ပေးနိုင်ခြင်းကို မိမိ၏အလုပ်တာဝန်အဖြစ် ခံယူထားပါသည်။ အဆိုပါအခြေခံအတွေးအခေါ်ဖြင့် တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက်ပြည်လုံးဆိုင်ရာ ညီလာခံအစီရင်ခံစာတွင် တရုတ်ထူးခြားချက်လက္ခဏာရှိနိုင်ငံကြီးအနေနှင့် နိုင်ငံခြားဆက်ဆံရေးသည် "အပြန်အလှန်လေးစားခြင်း၊ တန်းတူညီမျှခြင်း၊ ပူးပေါင်းဆောင်ရွက်အကျိုးတူအောင်မြင်ခြင်း" ဟူသော နိုင်ငံတကာဆက်ဆံရေးပုံစံအသစ်ကို တွန်းတင်ဆောက်လုပ်ရန်၊ "ခိုင်မြဲစွာငြိမ်းချမ်းသော၊ အကျယ်အပြန့်လုံခြုံသော၊ အတူချမ်းသာစည်ကားသော၊ ဖွင့်လှစ်ပါဝင်သော၊ လှပသန့်စင်သော" ကမ္ဘာကိုဆောက်လုပ်ရန်၊ လူသားကံကြမ္မာ တစ်ကိုယ်တည်းထုကို ဆောက်လုပ်တွန်းတင်ရန် တိကျစွာဖော်ပြထားသည်။ ယင်းသည် နိုင်ငံ၊ ပါတီ၊ စနစ်အားလုံးကို ကျော်လွှားပြီး နိုင်ငံအများစု၏ မျှော်လင့်ချက်များကို ထင်ဟပ်ဖော်ပြနေပါသည်။ နိုင်ငံတကာအသိုင်းအဝိုင်း၏ တူညီသော အကျိုးကျေးဇူးနှင့်ကိုက်ညီသည်။ တရုတ်နိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေးပေါ်လစီနှင့်အတွေးအခေါ်မှာ လူသားတရပ်လုံး၏အမြင့်ဗွိုင့်တွင်တည်ရှိနိုင်စေခဲ့ပါသည်။




တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် လူသားအားလုံး၏ ထူးချွန်သောယဉ်ကျေးမှုကို အတုယူထားကာ တရုတ်အမျိုးသားယဉ်ကျေးမှုဖြင့် ရောစပ်ထားသော ရလဒ်များဖြစ်ပါသည်။ တရုတ်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုစွမ်းရည်သည် အခြေခံအကျဆုံးသော လိုက်နာမှုဖြစ်သည်။ တရုတ်နိုင်ငံကို သမာရိုးကျဖြစ်မှုနှင့်ခေတ်မီမှုကို ကောင်းမွန်စွာရောစပ်ရန် ဦးဆောင်သည်နှင့်အတူ ဂလိုဘယ်လိုက်ဇေးရှင်းအမြင်ကို ပိုင်ဆိုင်စေခြင်းဖြစ်သည်။ ကမ္ဘာကတရုတ်ကို ကူညီပြီး တရုတ်ကကမ္ဘာကို တုံ့ပြန်သည်။ တရုတ်ကွန်မြူနစ်ပါတီသည် တရုတ်နိုင်ငံပြည်သူများအတွက် ဝန်ဆောင်မှုပေးသောပါတီအစိုးရဖြစ်သည်သာမက ကမ္ဘာ့ပြည်သူအားလုံးအတွက် အကျိုးပြုဝန်ဆောင်မှုပေးနေပါသည်။

ဝမ်ရီကွေ့(စာရေးဆရာသည်တရုတ်ပြည်သူ့တက္ကသိုလ် "အီးယူရောင့်၊ မော်နိုင်ဆရာ" ပါမောက္ခ၊ နိုင်ငံတကာကိစ္စရေးရာသုတေသနစခန်း စခန်းမှူးဖြစ်သည်။)